မယ်ဒီကိတ်အဖွဲ့ဝင်များ၊

# လစဉ်ပေးရမည့် စရိတ်များ ပြန်ရောက်လာပါပြီ။

CHECK YOUR COVERAGE
INDIANA



# မယ်ဒီကိတ် ကုန်ကျစရိတ်မျှခံခြင်းဆိုင်ရာ မကြာခဏမေးလေ့ရှိသော မေးခွန်းများ

### 1 မယ်ဒီကိတ် ကုန်ကျစရိတ်မျှခံခြင်း ဆိုသည်မှာ အဘယ်နည်း၊ မည်သည့်အချိန်တွင်စတင်မည်နည်း။

မယ်ဒီကိတ် ကုန်ကျစရိတ်မျှခံခြင်းသည် အချို့သော မယ်ဒီကိတ် အဖွဲ့ဝင်များ အနေနှင့် အာမခံကြေးကို ထိန်းသိမ်းထားရန်အတွက် ကုန်ကျစရိတ်၏ ရာခိုင်နှုန်းအနည်းငယ် ပေးဆောင်ရခြင်း ပါဝင်သည်။ ယင်းတွင် ကျန်းမာရေးဝန်ဆောင်မှုများကို ခံယူသည့် အချိန်၌ တိုက်ရိုက်ပေးဆောင်ရသော ပူးတွဲပေးဆောင်မှုစရိတ်များ (copays) နှင့် လစဉ်ထည့်သွင်းငွေများ/ ငွေတောင်းခံလွှာမှတဆင့် ပေးရသော လစဉ်ကြေးများ ပါဝင်နိုင်သည်။ Copays များသည် ကျန်းမာသောအင်ဒီယာနာအစီအစဉ် Healthy Indiana Plan (HIP) နှင့် ကလေးများ၏ ကျန်းမာရေးအာမခံကြေးအစီအစဉ် Children's Health Insurance Plan (CHIP)၊ စသည့်အစီအစဉ်များတွင် ပါဝင်သည့်အဖွဲ့ဝင်များအတွက်သာ အကျုံးဝင်သည်။ လစဉ်သွင်းငွေများ/ လစဉ်ကြေးများသည် HIP ၊ CHIP နှင့် MED Works (မသန်စွမ်းမှုရှိသော အလုပ်လုပ်သည့်ပုဂ္ဂိုလ်များအတွက် မယ်ဒီကိတ်)၊ စသည်တို့နှင့် သက်ဆိုင်သည်။ HIP နှင့် CHIP အတွက် ပူးတွဲပေးဆောင်စရိတ်များ (Copayments) သည် ဂျူလိုင်လ 1 ရက်နေ့၊ 2024 တွင် စတင်မည်ဖြစ်ပြီး HIP ၊ CHIP နှင့် MED Works များကို ဩဂုတ်လ အကျိုးခံစားခွင့်များအတွက် လစဉ်ကြေးတောင်းခံလွှာကို ဂျူလိုင်လအစောပိုင်းတွင် ပေးပို့မည်ဖြစ်ပါသည်။

### 2 မိမိအနေနှင့် မယ်ဒီကိတ် ကုန်ကျစရိတ်မျှခံခြင်းအတွက် ငွေသွင်းစရာ လို၊ မလို မည်သို့သိရှိရမည်နည်း။

သင်သည် HIP အဖွဲ့ဝင် ဖြစ်ပါက သင့်ကျန်းမာရေး အာမခံကြေး အစီအစဉ်ဖြစ်သော (Anthem ၊ CareSource ၊ MDwise သို့မဟုတ် MHS) ထံမှ လစဉ်ကြေးတောင်းခံလွှာကို  လက်ခံရရှိပါလိမ့်မည်။ CHIP အစီအစဉ်တွင် သင် သို့မဟုတ် သင့်ကလေး ပါဝင်ပါက၊ သို့မဟုတ် သင့်အနေနှင့် MED Works အာမခံကြေးကို ရရှိပါက၊ ဂျူလိုင်လတွင် အာမခံကြေး စီမံခန့်ခွဲရေးအဖွဲ့ ထံမှ ကျသင့်ငွေတောင်းခံလွှာကို လက်ခံရရှိပါလိမ့်မည်။

မယ်ဒီကိတ်အဖွဲ့ဝင်များ အနေနှင့် လစဉ်သွင်းငွေများ/လစဉ်ကြေးများ ပေးဆောင်ရန် လို၊ မလို၊ ဆုံးဖြတ်နိုင်ရန်အတွက် ၎င်းတို့၏ အကျိုးခံစားခွင့်များ စီမံဆောင်ရွက်ရန် စာရင်းကို အွန်လိုင်းမှတဆင့် (FSSABenefits.IN.gov) တွင် အနေအထားစစ်ဆေး ကြည့်ရှုနိုင်ပါသည်။ အဖွဲ့ဝင်များအနေနှင့် သတင်းအချက်အလက် များကိုသိရှိထားရန်အတွက် FSSA ထံမှ သတ်မှတ်ချက်နှင့် ကိုက်ညီသူအတွက် အကြောင်းကြားစာများ နှင့် လစဉ်ကြေးတောင်းခံလွှာ များကိုလည်း (HIP အဖွဲ့ဝင်များဖြစ်ပါက) ကျန်းမာရေး အာမခံအစီအစဉ် (health plan) မှ ထုတ်ပေးမည်၊ သို့မဟုတ် (CHIP နှင့် MED Works ဖြစ်ပါက) အာမခံကြေး စီမံခန့်ခွဲသည့်အဖွဲ့မှ ထုတ်ပေးမည်ဖြစ်ပါသည်။

### 3 ကုန်ကျစရိတ်မျှခံခြင်းသည် မယ်ဒီကိတ် အာမခံကြေး၏ အစိတ်အပိုင်းတခုအဖြစ် အမြဲတမ်းရှိနေခဲ့ပါသလား။

ဟုတ်ပါသည်၊ သို့သော် မယ်ဒီကိတ်အာမခံကြေး အတွက် ကုန်ကျစရိတ်မျှခံခြင်းကို ဖယ်ဒရယ်လူထုကျန်းမာရေး အရေးပေါ် အမိန့်များကြောင့် 2020 ခုနှစ်ကတည်းက ဆိုင်းငံ့ထားသည်။  ယင်းကို ဂျူလိုင်လ 1 ရက်နေ့၊ 2024 တွင် ပြန်လည်အသုံးပြုမည်ဖြစ်၍ အဖွဲ့ဝင်အချို့ကို အာမခံကြေး၏ အချို့သောကုန်ကျစရိတ် အတွက် မျှဝေပေးဆောင်ခိုင်းပါသည်။

### 4 မမယ်ဒီကိတ်အဖွဲ့ဝင်များ အနေနှင့် ကုန်ကျစရိတ်မျှခံရန်အတွက် ငွေကို မည်သည့်အချိန်တွင် စတင်ပေးသွင်းရမည်နည်း။

ကုန်ကျစရိတ်မျှခံခြင်းသည် ဂျူလိုင်လ 1 ရက်နေ့၊ 2024 တွင် ပြန်လည်စတင်ရန် သတ်မှတ်ထားသည်။ HIP နှင့် CHIP အဖွဲ့ဝင်များ အနေနှင့် ကျန်းမာရေးဆိုင်ရာ ဝန်ဆောင်မှုများကို ခံယူသည့်အချိန်တွင် copay အနည်းငယ် ပေးဆောင်ရန် အဆင်သင့် ပြင်ဆင်ထားသင့်သည်။ HIP ၊ CHIP နှင့် MED Works အဖွဲ့ဝင်များ အနေနှင့် စာတိုက်မှတဆင့် လစဉ်ကြေးတောင်းခံလွှာ ရောက်လာမည်ကို သတိထားသင့်ပြီး အာမခံကြေးအစီအစဉ်ကို ထိန်းသိမ်းရန်အတွက် ငွေပေးဆောင်ရမည့် နောက်ဆုံးရက်စွဲ သတ်မှတ်ချက်အတိုင်း ပေးဆောင်ရမည်။

IN.gov/Medicaid

ကဒ်၏ကျောဘက်တွင်ရှိသော ဖုန်းနံပါတ်သို့ ဖုန်းဆက်ပါ။